# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

May 23 , 2023 Volume 66, Number 15


၂၃.၅.၂၀၂၃

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၉၆၁ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = ၂၈၈၃ ကျပ် |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၆၄.၀ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၅၉.၅ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၀၀.၉ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၉၀.၂ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၇.၆၄ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၃၆၁ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၉.၁၇ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၅၉.၅၂ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၀.၅၄၅ ကျပ် |

Source: CBM Rate, etrademyanmar.com


CONTACT US

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com


## ကချင်ပြည်နယ်၏ မြန်မာ-တရုတ် နှစ်နိုင်ငံကုန်သွယ်မှု တစ်ပတ်အတွင်းနှိုင်းယှဉ်မှု

ကချင်ပြည်နယ်တွင် လွယ်ဂျယ်နှင့်ကံပိုင်တည် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ မြန်မာ-တရုတ် နှစ်နိုင်ငံကုန်သွယ်မှုများရှိခဲ့ရာ ၂၀၂၃ ခုနှစ်၊ မေလ ၁၃ ရက်မှ ၁၉ ရက်နေ့အတွင်း ကံပိုင်တည်နယ်စပ်ကုန်သွယ်ရေးစခန်းနှင့် လွယ်ဂျယ်နယ်စပ် ကုန်သွယ်ရေးစခန်းမှ တင်ပို့ခဲ့သည့် ကုန်ပစ္စည်းများအနေဖြင့် တစ်သျှူးငှက်ပျော၊ ပဲတောင့်ရှည် (အခြောက်)၊ ရွှေဖရုံသီး၊ ဆန်ကွဲနှင့်ကြိမ်များတင်ပို့ခဲ့ပြီး ပို့ကုန်၏ငွေပမာဏမှာ ၄၄၈၅၉၃၉.၂၄ ကန်ဒေါ်လာ တင်ပို့ခဲ့ရာ ယခင်အပတ် ၂၀၂၃ ခုနှစ်၊ မေလ ၆ ရက်မှ ၁၂ ရက်နေ့ထိ တင်ပို့ကုန်၏ ငွေပမာဏ ၄၁၈၀၉၉၆.၃၈ ကန်ဒေါ်လာနှင့် ကာလတူ တင်ပို့ကုန်၏ ငွေပမာဏနှိုင်းယှဉ်ပါက ၃၀၄၉၄၂.၈၆ ကန်ဒေါ်လာတန်ဖိုး ပိုမို၍ တင်ပို့မှုရှိခဲ့သည်ကို တွေ့ရပါသည်။

သွင်းကုန်ပစ္စည်းများအနေဖြင့် ၂၀၂၃ ခုနှစ်၊ မေလ ၁၃ ရက်မှ ၁၉ ရက်နေ့အတွင်း လယ်ထွန်စက်များ၊ ပလပ်စတစ် ကုန်ကြမ်းပစ္စည်းများ၊ ချည်ထည်များ၊ သံနှင့်သံမဏိ ဆောက်လုပ်ရေးပစ္စည်းများ၊ စက်နှင့်စက်ပစ္စည်းများ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ ဆေးဝါးပစ္စည်းများ၊ ဓါတ်မြေဩဇာများ၊ ဓါတုဗေဒချည်ခင်များ၊ ကုန်ထုတ်စက္ကူများ၊ သံပိုက်၊ မြက်ခင်းတုနှင့် ကားတာယာများ တင်သွင်းခဲ့ပြီး သွင်းကုန်၏ငွေပမာဏ တန်ဖိုးမှာ ၁၂၀၆၉၀၅.၀၀ ကန်ဒေါ်လာတင်သွင်းခဲ့ရာ ယခင်အပတ် ၂၀၂၃ ခုနှစ်၊ မေလ ၆ ရက်မှ ၁၂ ရက်နေ့ထိ တင်သွင်းကုန်၏ ငွေပမာဏတန်ဖိုးမှာ ၁၀၄၈၄၃၁.၀၀ ကန်ဒေါ်လာနှင့် ကာလတူတင်သွင်းကုန်၏ ငွေပမာဏနှိုင်းယှဉ်ပါက ၁၅၈၄၇၄.၀၀ ကန်ဒေါ်လာတန်ဖိုး ပိုမို၍ တင်သွင်းခဲ့သည်ကို တွေ့ရပါသည်။

တင်ပို့ကုန်နှင့် တင်သွင်းကုန်တို့၏ ငွေပမာဏများအား နှိုင်းယှဉ်ကြည့်ရာ တင်ပို့ကုန်၏ ငွေပမာဏမှာ ၃၂၇၉၀၃၄.၂၄ ကန်ဒေါ်လာပိုမိုပြီး ကုန်သွယ်မှုပြုနိုင်ခဲ့ကြောင်း ကုန်သွယ်မှုစာရင်းများအရ တွေ့ရပါသည်။ ငွေလဲနှုန်းများမှာ မြန်မာ ငွေကျပ် ၁၀၀ လျှင် တရုတ်ယွမ် ၀.၃၃၅ ယွမ်ဖြစ်ပြီး၊ ၁ ယွမ်လျှင် မြန်မာကျပ်ငွေ ၂၉၈.၂၀ ကျပ် ရှိကြောင်း သိရှိရပါသည်။

**Source: မနော်မြေကုန်သွယ်မှုဇုန်ဌာန**

## မြဝတီကုန်သွယ်ရေးဇုန်၏ ကုန်သွယ်မှုအခြေအနေ

မြဝတီကုန်သွယ်ရေးဇုန်မှ ထိုင်းနိုင်ငံသို့ ပို့ကုန်တင်ပို့မှုအနေဖြင့် (၁၇-၅-၂၀၂၃) ရက်နေ့မှ (၂၀-၅-၂၀၂၃)ရက်နေ့ထိ လယ်ယာထွက်ကုန်ပစ္စည်းများနှင့် CMP ပစ္စည်းများ တင်ပို့မှုရှိသည်။

လယ်ယာထွက်ကုန်ပစ္စည်းများ တင်ပို့မှုမှာ ဂျုတ်၊ ပီလောပီနံ၊ ကြက်သွန်နီ၊ မန်ကျည်းသီး(အစေ့ပါ)၊ ပြောင်း၊ နှမ်း၊ ဇီးဖြူသီး၊ ဂေါ်ဖီထုပ်၊ နွယ်ချိုအမြစ်၊ မန်ကျည်းသီး၊ မတ်ပဲ၊ Cissus Dry Plant ၊ မိဿလင်နှင့် နနွင်းတို့ဖြစ်သည်။ ရေထွက်ကုန်ပစ္စည်းများမှာ ဂုံး၊ ခရု၊ ပုဇွန်၊ ငါးမွေတိုး၊ ငါးခွေးလျှာ၊ ငါးဓားလွယ်၊ ပုဇွန်ခြောက် (အကျိုး/အကြေ)၊ ဝသုံးလုံး ကဏန်းနှင့် ငါးကွမ်းရှပ်ငါးဆယ်နယ်တို့ဖြစ်ပြီး CMP တင်ပို့မှုအနေဖြင့် အမျိုးသား/ အမျိုးသမီးဝတ် အထည်အလိပ်များ တင်ပို့လျက်ရှိသည်။

အများဆုံးပို့ကုန်ပစ္စည်းများ တင်ပို့မှုအနေဖြင့် ပြောင်း၊ ဂျုတ်၊ ကြက်သွန်နီ၊ မန်ကျည်းသီး (အစေ့ပါ)၊ ပီလောပီနံ၊ CMP ၊ ရေထွက်ပစ္စည်း၊ နှမ်း၊ နွယ်ချိုအမြစ်၊ ဆန်မှုန့်၊ ဂေါ်ဖီထုပ်၊ ဆီးဖြူသီး၊ မန်ကျည်းသီး၊ မတ်ပဲ၊ နနွင်းနှင့် အခြားပစ္စည်းတို့ဖြစ်သည်။ ယခုအခါထိုင်းနိုင်ငံမှ ခရီးသွားလုပ်ငန်းများ ပြန်လည်စတင်ခြင်းကြောင့် စားသောက်ကုန်လုပ်ငန်းများ တွင်ကျယ်စွာ ဆောင်ရွက်လာခြင်းနှင့် စားသောက်ဆိုင်များတွင် အသုံးပြုရန်လိုအပ်ချက်ကြောင့် ဝယ်လိုအားမြင့်တက်နေ၍ ယခင်နှစ်ကထက် ပိုမိုတင်ပို့နိုင်ခဲ့ခြင်းဖြစ်သည်။

ပုပ်သိုးပျက်စီးလွယ်သည့် ရေထွက်ကုန်ပစ္စည်းများ၊ ကုန်စိမ်းပို့ကုန်များဖြစ်သည့် ကြက်သွန်နီ၊ ဂေါ်ဖီထုပ်နှင့် ဂျုတ်များကို အမြန်တင်ပို့နိုင်ရေးအတွက် ကုန်သွယ်ရေးဇုန်မှ အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးလျက်ရှိသည်။

သွင်းကုန်တင်သွင်းမှုအနေဖြင့် တိရစ္ဆာန်အစာ၊ စက်ဘီး၊ စာရေးကိရိယာ၊ ကားအပိုပစ္စည်း၊ အဝတ်အထည်၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်း၊ အလှကုန်ပစ္စည်း၊ ဆိုင်ကယ်အပိုပစ္စည်း၊ လျှပ်စစ်ပစ္စည်း၊ ဓာတ်မြေသြဇာ၊ ငါးဖမ်းကိရိယာ၊ စားသောက်ကုန်၊ ဖိနပ်နှင့်ဖိနပ်ကုန်ကြမ်းပစ္စည်း၊ သစ်သီး၊ Garment ၊ အိမ်သုံးပစ္စည်း၊ စက်ရုံသုံးပစ္စည်း၊ စက်နှင့်စက်ပစ္စည်းကိရိယာများ၊ ဆေးနှင့်ဆေးပစ္စည်း၊ Packing Material၊ အိမ်သုတ်ဆေး၊ လူသုံးကုန်ပစ္စည်း၊ ကုန်ကြမ်းပစ္စည်း၊ အားကစားပစ္စည်း၊ ယန္တရားအပိုပစ္စည်း၊ တိရစ္ဆာန် (အရှင်/ဘဲသားပေါက်)နှင့် စက်ဆီ/ ချောဆီတို့တင်သွင်းလျက်ရှိသည်။ အများဆုံးသွင်းကုန်ပစ္စည်းများမှာ စားသောက်ကုန်၊ ဆောက်လုပ်ရေးလုပ်ငန်းသုံး ပစ္စည်း၊ Garment၊ စက်ဆီ/ချောဆီ၊ ယန္တရားအပိုပစ္စည်း၊ သစ်သီး၊ ဓာတ်မြေသြဇာ၊ ဆေးနှင့်ဆေးပစ္စည်းနှင့် အခြားပစ္စည်းတို့ဖြစ်သည်။

ငွေဈေးနှုန်းအနေဖြင့် ယခင်အပတ်က တစ်ဘတ်လျှင် (၈၅.၁၀)ကျပ်ရှိပြီး ယခုအပတ်တွင် (၈၄.၇၄)ကျပ်သာရှိ၍ ဘတ်ဈေးအနည်းငယ် ပြန်ကျလာလျက်ရှိပြီး ကုန်ပစ္စည်းများကို ယခုအခါပိုမိုတင်သွင်းလျက်ရှိကြောင်း သိရှိရသည်။

**Source:** https://www.commerce.gov.mm/my/article/%E1%80%94%E1%80%B1%E1%80%AC%E1%80%80%

## အိန္ဒိယနိုင်ငံတွင် ရူပီး ၂၀၀၀ တန်ငွေစက္ကူများအား ပြန်လည်သိမ်းဆည်းခြင်းသည် စီးပွားရေးကို ထိခိုက်ခြင်းရှိမည်မဟုတ်ကြောင်း ယခင်ဘဏ္ဍာရေး အတွင်းရေးမှူးကပြောကြား

ရူပီး ၂၀၀၀ တန်ငွေစက္ကူများ ပြန်လည်သိမ်းဆည်းခြင်းသည် အိန္ဒိယနိုင်ငံ၏ စီးပွားရေးနှင့်ငွေကြေးမူဝါဒများအပေါ်တွင် လုံးဝသက်ရောက်မှုရှိမည်မဟုတ်ဟု ယခင်ဘဏ္ဍာရေးအတွင်းရေးမှူးဖြစ်သူ Subhash Chandra Garg က စနေနေ့တွင် ပြောကြားခဲ့ကြောင်း Business Standard သတင်းစာတွင် ဖော်ပြထားပါသည်။

Subhash Chandra Garg က ၂၀၁၆ ခုနှစ်က ငွေစက္ကူများ ပြန်လည်သိမ်းဆည်းသည့်အချိန်တွင် ဈေးကွက်အတွင်း ငွေကြေးယာယီ လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် ရူပီး ၂၀၀၀ တန်ငွေစက္ကူများကို ရိုက်နှိပ်ခဲ့ခြင်း ဖြစ်ပါကြောင်း၊ ပြီးခဲ့သည့် ၅ နှစ်၊ ၆ နှစ်တာ ကာလအတွင်း ဒီဂျစ်တယ်ငွေပေးချေမှုများ လျင်မြန်စွာဖွံ့ဖြိုးလာခြင်းနှင့်အတူ ငွေစက္ကူ ၂၀၀၀ တန်များကို ပြန်လည်သိမ်းဆည်းခြင်းသည် ဈေးကွက်အတွင်း ငွေကြေးလည်ပတ်မှုကို ထိခိုက်ခြင်းမရှိသကဲ့သို့ ငွေကြေးဆိုင်ရာ မူဝါဒများအပေါ်တွင်လည်း သက်ရောက်မှုရှိမည် မဟုတ်ကြောင်း၊ ပြည်တွင်းအသားတင်ထုတ်လုပ်မှုတန်ဖိုး (GDP)နှင့် လူမှုဖူလုံရေးဆိုင်ရာကိစ္စရပ်များတွင်လည်း သက်ရောက်မှုရှိမည်မဟုတ်ဟု ပြောကြားခဲ့ပါကြောင်း သိရှိရပါသည်။

ပြီးခဲ့သည့် သောကြာနေ့က Reserved Bank of India – RBI က ရူပီး ၂၀၀၀ တန် ငွေစက္ကူများကို ပြန်လည်သိမ်းဆည်းမည်ဟု ရုတ်တရက်ကြေညာခဲ့ပါကြောင်း၊ သို့ရာတွင် အဆိုပါငွေစက္ကူများကို ၂၀၂၃ ခုနှစ် စက်တင်ဘာလ ၃၀ ရက်အထိ ဘဏ်အကောင့်များ၌ ငွေသားအပ်နှံခြင်းနှင့် ဘဏ်များသို့လာရောက်၍ တခြားငွေစက္ကူများနှင့်လဲလှယ်ခြင်းတို့ကို ခွင့်ပြုပေးသွားမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ဈေးကွက်အတွင်းရှိ ရူပီး ၂၀၀၀ တန်ငွေစက္ကူများသည် RBI သို့ အားလုံးပြန်လည်

ဝင်ရောက်လာမည်ဖြစ်ပါကြောင်း၊ အဆိုပါငွေစက္ကူများမှာ ငွေကြေးဈေးကွက်တွင် အနည်းငယ်သာပါဝင်မှုရှိခြင်းနှင့် နေ့စဉ်ငွေပေးချေမှုများတွင် ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုမှုမရှိခြင်းတို့ကြောင့် မည်သူမျှ ငွေကြေးဆုံးရှုံးခြင်း၊ အဆင်မပြေ ဖြစ်ခြင်းတို့ ကြုံတွေ့ရမည်မဟုတ်ကြောင်း Grag က ပြောကြားထားပါသည်။

ငွေစက္ကူပြန်လည်သိမ်းဆည်းခြင်းနှင့်စပ်လျဉ်း၍ ရူပီး ၂၀၀၀ တန်ငွေစက္ကူသုံးစွဲခြင်းကို လုံးဝရပ်ဆိုင်းလိုက်ခြင်း မဟုတ်ကြောင်း၊ ငွေကြေးသတ်မှတ်ချက်မှ တရားဝင်ရပ်ဆိုင်းခြင်းကို RBI က ဆောင်ရွက်နိုင်ခြင်းမရှိဘဲ အစိုးရကသာ ဆောင်ရွက်နိုင်ခြင်းဖြစ်ပါကြောင်း၊ ထို့ကြောင့် ရူပီး ၂၀၀၀ တန် ငွေစက္ကူများသည် တရားဝင်ငွေကြေးအဖြစ် ဆက်လက်တည်ရှိ နေမည်ဖြစ်ပါကြောင်း၊ RBI ၏ ယခု စီမံဆောင်ရွက်ချက်သည် ပြည်သူများအား ရူပီး ၂၀၀၀ တန် ငွေစက္ကူများသုံးစွဲခြင်းမှ အခြားသော ငွေစက္ကူများနှင့် ဈေးကွက်တွင်လဲလှယ်သုံးစွဲရန် တစ်ဖြည်းဖြည်းချင်းကြိုးစားဆောင်ရွက်ခြင်းဖြစ်သည်ဟု RBI မှ ရှင်းလင်းပြောကြားထားကြောင်းလည်း Business Standard သတင်းစာတွင် ဖော်ပြထားပါသည်။

ငွေကြေးဈေးကွက် တည်ငြိမ်မှုရှိစေရန် ဆောင်ရွက်ခံသည့်ကာလအတွင်း ငွေကြေးဌာနခွဲနှင့်စီးပွားရေးဆိုင်ရာ အတွင်းရေးမှူးဖြစ်သူ Garag က ရူပီး ၂၀၀၀ တန်ငွေစက္ကူများကို စနစ်တကျစီမံပြီး ထုတ်ဝေခဲ့ခြင်းမဟုတ်ဘဲ လတ်တလော အဆင်ပြေစေရန်အတွက် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါကြောင်း၊ အစိုးရအနေဖြင့် အချို့သောငွေစက္ကူများကို လုံးဝရပ်ဆိုင်းခြင်းမပြုမီ လအနည်းငယ်တွင် ပိုမိုတန်ဖိုးကြီးမားသည့် ရူပီး ၂၀၀၀ တန် ငွေစက္ကူများကိုထုတ်ဝေမှု ဆောင်ရွက်ခဲ့ခြင်းဖြစ်နိုင်ပါကြောင်း၊ ငွေကြေးဈေးကွက်အတွင်း ရူပီး ၂၀၀၀ တန် ငွေစက္ကူထုတ်ဝေရန် သေသေချာချာပြောဆိုနိုင်ခြင်းမရှိပါကြောင်းနှင့် ကတိုက်ကရိုက် ထုတ်ဝေဖြန့်ချီခဲ့ရခြင်းဖြစ်ပါကြောင်း၊ အဆိုပါငွေစက္ကူများကို ငွေကြေးဈေးကွက်အတွင်း လျှော့ချမှုကိုလည်း သိပ်မကြာခင်မှာပင် ဆောင်ရွက်ခဲ့ကြပါကြောင်း၊ ၂၀၁၇ ဇူလိုင်လနှင့် ဩဂုတ်လတို့တွင် ရူပီး ၂၀၀၀ တန် ငွေစက္ကူများ ထပ်မံရိုက်နှိပ်ခြင်းမပြုရန် ဆုံးဖြတ်ခဲ့သည့်အချိန်တွင် အဆိုပါငွေစက္ကူများ၏ စုစုပေါင်းတန်ဖိုးမှာ ဈေးကွက်အတွင်း၌ ရူပီး သန်းပေါင်း ၇ သန်းခန့်ရှိခဲ့ပါကြောင်း၊ ၂၀၁၈ ခုနှစ်၊ မတ်လနှင့်ဧပြီလအတွင်း ငွေကြေးလည်ပတ်မှု လိုအပ်ချက်ရှိခဲ့သည့်အချိန်တွင်မှ ရူပီး ၂၀၀၀ တန် ငွေစက္ကူအနည်းငယ်ရိုက်နှိပ်ခဲ့သော်လည်း ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် လုံးဝရပ်ဆိုင်းခဲ့ပါကြောင်း၊ ထိုသို့ရပ်ဆိုင်းလိုက်ခြင်းနှင့်အတူ အဆိုပါငွေကြေးကို ဈေးကွက်မှဖယ်ရှားမည်မှာလည်း ပိုမိုထင်ရှားလာပါကြောင်း၊ ထို့ကြောင့် အစိုးရက ၂၀၁၈-၂၀၁၉ ခုနှစ်တွင် ငွေထုတ်ယူမှုများ လွယ်ကူအဆင်ပြေစေရေးအတွက် ရူပီး ၅၀၀ တန်ငွေစက္ကူများကို ပုံမှန်ထက် ပိုမိုရိုက်နှိပ်ထုတ်ဝေခဲ့ပါကြောင်း၊ ရူပီး ၂၀၀၀ တန်ငွေစက္ကူများကို ငွေကြေးဈေးကွက်တွင် တစ်ဖြည်းဖြည်းလျှော့ချနိုင်ရေး ဆောင်ရွက်လာခဲ့ရာ ၂၀၁၇ ခုနှစ်၊ မတ်လတွင် ၇၅ ရာခိုင်နှုန်းရှိခဲ့ရာမှ ၂၀၂၃ ခုနှစ်၊ မတ်လတွင် ၁၀.၈ ရာခိုင်နှုန်းသာ ကျန်ရှိသည်ဟု ပြောကြားထား ကြောင်း Business Standard သတင်းစာတွင် ဖော်ပြထားပါသည်။

ရင်းနှီးမြှုပ်နှံမှုနှင့် ဝန်ဆောင်မှုဆိုင်ရာကုမ္ပဏီတစ်ခုဖြစ်သည့် ICRA ၏ ဒုဥက္ကဋ္ဌဖြစ်သူ Karthik Srinivasan က RBI ၏ ရူပီး ၂၀၀၀ တန် ငွေစက္ကူများ ပြန်လည်သိမ်းဆည်းမှုကြောင့် လာမည့်ကာလတွင် ဘဏ်များသို့အပ်နှံငွေများ အနည်းငယ်တိုးတက်လာမည်ဖြစ်ပါကြောင်း၊ ဘဏ်အပ်နှံငွေ အတိုးနှုန်းမြင့်မားမှုဖိအားကိုလည်း လျှော့ချနိုင်မည်ဖြစ်ပါကြောင်း၊ ထို့အတူ ကာလတိုအတိုးနှုန်းပေါ်တွင်လည်း အတန်အသင့် တက်ရောက်မှုရှိလာနိုင်သည်ဟု ပြောကြားထားကြောင်း ဖော်ပြထားပါသည်။

Colliers India ၏ သုတေသနမှူးဖြစ်သူ Vimal Nadar ကလည်း ယခုကဲ့သို့ ငွေစက္ကူပြန်လည်သိမ်းဆည်းခြင်းသည် တန်ဖိုးကြီးမားသည့် အိမ်၊ ခြံ၊ မြေ ငွေပေးချေမှုများတွင် ငွေသားနှင့်ပေးချေမှုများကို လျှော့ချနိုင်ခြင်း (သို့မဟုတ်) ဖယ်ရှားနိုင်မည်ဖြစ်ပါကြောင်း၊ ပြီးခဲ့သည့်နှစ်အနည်းငယ်အတွင်း ငွေကြေးအမျိုးအစားအချို့ကို ဖယ်ရှားခဲ့ချိန်၌ အိမ်ခြံမြေကဏ္ဍတွင် ပွင့်လင်းမြင်သာမှုကို သိသာထင်ရှားစွာ ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ အဓိကအားဖြင့် မျှတသည့်ဈေးကွက်ပေါက်ဈေးနှုန်းများကို ချမှတ်ဆောင်ရွက်နိုင်ခဲ့သည်ဟု ပြောကြားထားကြောင်း Business Standard သတင်းစာတွင် ဖော်ပြထားပါသည်။

**Source: Rs 2,000 note withdrawal non-event, won't impact economy: Ex-finance secy, Business Standard, May 20, 2023**

**(စီးပွားရေးသံမှူး၊ နယူးဒေလီမြို့)**

https://myantrade.gov.mm/article/STP(Yangon)%2023052023%2011:%2048

## တရုတ်နိုင်ငံသည် တောင်အာဖရိကမှပြောင်းကို ပထမဆုံးဝယ်ယူခဲ့ခြင်း

ကမ္ဘာ့နံ့စားသီးနှံထိပ်တန်းဝယ်ယူသည့် တရုတ်နိုင်ငံသည် ၎င်း၏သီးနှံဝယ်ယူသည့်ဈေးကွက်ကို ကွဲပြားစေရန် ကြိုးပမ်းနေသောကြောင့် ယခုသီတင်းပတ်အတွင်း တောင်အာဖရိကမှပြောင်းကို ပထမဆုံးတင်သွင်းခဲ့ကြောင်း ဆင်ဟွာသတင်းအေဂျင်စီက ဖော်ပြခဲ့ကြောင်းသိရှိရပါသည်။

တရုတ်ရှိ နိုင်ငံပိုင်အဖွဲ့အစည်းဖြစ်သည့် COFCO Group မှဝယ်ယူသည့် တန်ချိန် (၅၃,၀၀၀) ပါရှိသော ကုန်တင်သင်္ဘောသည် ကွမ်တုံပြည်နယ်တောင်ပိုင်းရှိ Machong ဆိပ်ကမ်းသို့ရောက်ရှိလာပြီး တိရစ္ဆာန်အစာထုတ်လုပ်သူများထံ ရောင်းချမည်ဖြစ်ကြောင်း သိရှိရပါသည်။ အာဖရိကတိုက်၏ ထိပ်တန်းပြောင်းထုတ်လုပ်သည့် တောင်အာဖရိကနိုင်ငံသည် ပြောင်းအထွက်တိုးရန် မျှော်လင့်လျက်ရှိကြောင်း၊ မကြာသေးမီက အမေရိကန်စိုက်ပျိုးရေးအစီရင်ခံစာတွင် ၂၀၂၃-၂၀၂၄ သီးနှံရာသီတွင် ပြောင်းတင်ပို့မှု တန်ချိန် (၂.၃)သန်းရှိမည်ဟု ခန့်မှန်းထားကြောင်းသိရှိရပါသည်။

တရုတ်နိုင်ငံသည် လွန်ခဲ့သည့်နှစ်များက တောင်အာဖရိကနိုင်ငံမှ ပြောင်းတင်သွင်းမှုကို ခွင့်ပြုခဲ့သော်လည်း COFCO ၏ ဝယ်ယူမှုသည် တရုတ်နိုင်ငံသို့ရောက်ရှိသည့် ပထမဆုံးသိသာထင်ရှားသော ပမာဏဖြစ်ကြောင်း၊ ထိပ်တန်းပြောင်းတင်ပို့သည့် ယူကရိန်းသည် ပဋိပက္ခဖြစ်ပွားပြီးနောက် တင်ပို့မှုများရပ်တန့်သွားသဖြင့် အမေရိကန်အပေါ် ပိုမိုမှီခိုလာခဲ့ရခြင်းကို ရပ်တန့်ရန်အတွက် တရုတ်နိုင်ငံအနေဖြင့် သီးနှံရောင်းချသူအသစ်များကိုရှာဖွေရန် ကြိုးပမ်းနေချိန်တွင် ယခုကဲ့သို့ တောင်အာဖရိကမှ တင်ပို့နိုင်ခြင်းဖြစ်ကြောင်းသိရှိရပါသည်။

COFCO သည် တောင်အာဖရိကမှ ပြောင်းအမြောက်အများ တင်သွင်းမှုကို တိုးမြှင့်ရန်နှင့်ဝယ်ယူမှုများကို ပုံမှန်ပြုလုပ်ရန် လုပ် ဆောင်နေကြောင်း COFCO International ၏ ပြောင်းသီးနှံလုပ်ငန်းအကြီးအကဲ Fan Zhenyu အား ကိုးကား၍ ရှင်းဟွာသတင်းအရသိရှိရပါသည်။

ယခင်နှစ်နှောင်းပိုင်းတွင် တရုတ်နိုင်ငံသည် ဘရာဇီးလ်နိုင်ငံမှ ပြောင်းတင်ပို့သူများစာရင်းကို ပြင်ဆင်ခဲ့ကြောင်း၊ ယင်းအချက်သည် တောင်အမေရိကနိုင်ငံမှ ပြောင်းတင်သွင်းမှု မြင့်တက်သွားစေခဲ့ကြောင်းသိရှိရပါသည်။ ဘရာဇီးလ်နိုင်ငံမှ ပြောင်းတင်သွင်းမှုများ မြင့်တက်လာမှုကြောင့် အမေရိကန်မှ ပြောင်းဝယ်ယူမှုဖျက်သိမ်းခြင်းကို ဖြစ်ပေါ်စေပြီး ပြောင်းဈေးကွက်ကို လပေါင်းများစွာ အနိမ့်ဆုံးသို့ တွန်းပို့ခဲ့ကြောင်းသိရှိရပါသည်။

တရုတ်နိုင်ငံအနေဖြင့် ဘရာဇီးလ်နှင့်တောင်အာဖရိကတို့မှ ပြောင်းများကို တင်သွင်းခြင်းဖြင့် အမေရိကန်မှ ပြောင်းတင်သွင်းမှုအပေါ် မှီခိုနေရခြင်းကို လျှော့ချနိုင်ရန်ကြိုးပမ်းလျက်ရှိရာ မြန်မာ့ပြောင်းများအတွက် အခွင့်အလမ်းများရှိနေသကဲ့သို့ အခြားတစ် ဖက်တွင်လည်း စိန်ခေါ်မှုအဖြစ်ဈေးကွက် ယှဉ်ပြိုင်နိုင်စွမ်းရှိရန်လိုအပ်ကြောင်း သုံးသပ်တွေ့ရှိရပါသည်။ ထို့အပြင် တရုတ်နိုင်ငံ၏ ပြည်တွင်းဈေးကွက်၌ တိရစ္ဆာန်အစာအတွက် ပြောင်းအစား ဈေးသက်သာသည့်ဂျုံကို အစားထိုးသုံးစွဲလာခြင်းနှင့် ပြည်တွင်းပြောင်းအထွက်တိုးမည်ဟု မျှော်မှန်းထားခြင်းတို့ကြောင့် တရုတ်၏ပြောင်းဝယ်လိုအား ကျဆင်းနိုင်ဖွယ်ရှိကြောင်း သုံးသပ်တွေ့ရှိရပါသည်။

**Source:** https://www.nasdaq.com/articles/china-buys-first-cargo-of-south-african-corn

**စီးပွားရေးသံမှူး၊ နန်နင်း**

https://myantrade.gov.mm/article/Naypyitawstp_230520231200

## တရုတ်နိုင်ငံသည် ဗီယက်နမ်နိုင်ငံမှ ပီလောပီနံကို အမေရိကန်ဒေါ်လာ သန်း (၄၀၀)ဖိုးခန့် ဝယ်ယူခဲ့ကြောင်း

ယခုနှစ်ပထမလေးလအတွင်း တရုတ်နိုင်ငံသည် ဗီယက်နမ်နိုင်ငံမှ ပီလောပီနံတန်ချိန် (၁)သန်းကျော် တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ(၃၉၇)သန်းကျော်ကို ဝယ်ယူခဲ့ပြီး ဗီယက်နမ်နိုင်ငံမှ ပီလောပီနံကို တင်သွင်းမှုအများဆုံးနိုင်ငံ ဖြစ်လာခဲ့ကြောင်း ဗီယက်နမ်အထွေထွေအကောက်ခွန်ဦးစီးဌာနမှ ထုတ်ပြန်သောစာရင်းများအရ သိရှိရပါသည်။

ဗီယက်နမ်နိုင်ငံသည် ဧပြီလတစ်လတည်းတွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ပီလောပီနံနှင့် ပီလောပီနံအခြေခံထွက်ကုန် (၁၈၉,၈၂၀)တန်၊ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ (၇၆.၀၃)သန်းကို တင်ပို့ခဲ့ပြီး ၂၀၂၂ ခုနှစ်၊ ဧပြီလနှင့် နှိုင်းယှဉ်ပါက တန်ချိန်အားဖြင့် (၁၉.၅)ရာခိုင်နှုန်းနှင့် တန်ဖိုးအားဖြင့် (၂၇.၄)ရာခိုင်နှုန်း အသီးသီးကျဆင်းခဲ့ကြောင်းသိရှိရပါသည်။

ပီလောပီနံနှင့်ပီလောပီနံအခြေခံထွက်ကုန်များ၏ ပျမ်းမျှဈေးသည် တစ်တန်လျှင် အမေရိကန်ဒေါ်လာ(၄၀၀.၆)ရှိပြီး မတ်လနှင့် နှိုင်းယှဉ်ပါက (၄.၆)ရာခိုင်နှုန်းတိုးလာသော်လည်း ယခင်နှစ်ကာလတူထက် (၉.၉)ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်းသိရှိရပါသည်။

ယခုနှစ်ပထမလေးလတွင် ဂျပန်နိုင်ငံသို့ ပီလောပီနံ တန်ချိန်(၂၂၈၀)၊ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ (၁.၁၆)သန်းကို တိုးမြှင့်တင်ပို့နိုင်ခဲ့ပြီး ယခင်နှစ်ကာလတူထက် တန်ချိန်အားဖြင့် (၃၃၅၇)ရာခိုင်နှုန်းနှင့် တန်ဖိုးအားဖြင့် (၁၇၄၂)ရာခိုင်နှုန်း ရုတ်ချည်းမြင့်တက်လာကြောင်း သိရှိရပါသည်။

ဗီယက်နမ်စက်မှုနှင့် ကုန်သွယ်ရေးဝန်ကြီးဌာနအောက်ရှိ ပို့ကုန်သွင်းကုန်ဌာနမှ အသေးစိတ်ဖော်ပြချက်အရ ရုရှား-ယူကရိန်း ပဋိပက္ခကြောင့် ပြောင်းနှင့် ဂျုံ၏ ရောင်းလိုအားနှင့်ဈေးနှုန်းကို ကြီးမားစွာသက်ရောက်မှုရှိကြောင်း သိရှိရပါသည်။

အသိသာဆုံးမှာ ဖွံ့ဖြိုးပြီးနိုင်ငံများသည် အီသနောမှ သန့်ရှင်းသောစွမ်းအင်ကို ပြောင်းလဲအသုံးပြုလာကြပြီး ယင်းတို့အနက် ပီလောပီနံသည် ဓာတ်ဖန်တီးရာတွင်အသုံးပြုသည့် အရေးကြီးကုန်ကြမ်းများထဲမှတစ်ခုဖြစ်ကြောင်း၊ ထို့ကြောင့် ကမ္ဘာ့ဈေးကွက်တွင် ပီလောပီနံဝယ်လိုအားသည် ရှေ့သို့ဆက်လက်တိုးလာရန် မျှော်မှန်းထားကြောင်း သိရှိရပါသည်။

လက်ရှိတွင် တရုတ်နှင့်ကိုရီးယားဈေးကွက်သို့ ပီလောပီနံခြောက်(အပြား)တင်ပို့သည့် ဈေးနှုန်းမှာ တစ်တန်လျှင် အမေရိကန်ဒေါ်လာ (၃၀၅)နှင့် (၃၅၅)ခန့် အသီးသီးရှိနေကြောင်း သိရှိရပါသည်။

**Source:**www.dtinews.vn/en/news/017002/83950/china-spends-nearly-us-400-million-purchasing-cassava-from-vietnam.html

**စီးပွားရေးသံမှူး၊ နန်နင်း**

https://myantrade.gov.mm/article/Naypyitawstp_230520231101

## မုန်တိုင်းအလွန် ဆန်၊ ပဲနှင့် ငရုတ်ဈေးကွက်အခြေအနေ

### ဆန်ဈေးကွက်

ဆန်ဈေးရော စပါးဈေးရော ဆက်တိုက်ဈေးမြင့်တက်နေခဲ့ပါတယ်။ ဈေးကွက်ထဲကို နွေစပါးတွေ အဝင်ရှိနေပေမယ့် လက်ကျန်မိုးစပါးတွေကတော့ အနည်းငယ်သာ ကျန်ရှိနေပြီး ဈေးကောင်းရရှိနေပါတယ်။ မုန်တိုင်းကြောင့် စိုက်ခင်းတွေ ပျက်စီးတာအပြင် သယ်ယူပို့ဆောင်စရိတ်တွေ မြင့်တက်လာတာကြောင့် ဈေးတွေမြင့်တက်နေတာလို့ ဆန်ကုန်သည်တွေကဆိုပါတယ်။

“စပါးဈေးရော ဆန်ဈေးရော အကုန်မြင့်နေကြတာ။ ရာသီဥတုကြောင့်ရော။ အခုလို မုန်တိုင်းကြောင့် စပါးတွေ ပျက်စီးကြတော့ ဈေးကပိုတက်ဖို့ပဲ ရှိတယ်။ အဝင်တွေကလည်း နည်းလာတယ်”ဟု ဆန်ကုန်သည်တစ်ဦးက ဆိုပါတယ်။

ရန်ကုန်ဝါးတန်းဈေးကွက်မှာ ပေါ်ဆန်း(နယ်စုံ၊မြောင်းမြ၊ဒေးဒရဲ၊ဖျာပုံ)ပေါ်ဆန်းဆန်တို့က တစ်အိတ်ကို ၈၄၀၀၀ ကနေ ၉၀၀၀၀ ကြားပေါက်ဈေးရှိပြီး ပြီးခဲ့တဲ့အပတ်နဲ့ယှဉ်ရင် တစ်အိတ်ကို ၂၀၀၀ ကျပ် ဈေးမြင့်တက်လာပါတယ်။ ဆန်ကြမ်းဖြစ်တဲ့ ဧည့်မထနဲ့ ၂၅ မှတ်တန်တို့ကလည်း တစ်အိတ်ကို ၅၃၅၀၀ ကနေ ၆၀၀၀၀ ပေါက်ဈေးရှိပြီး တစ်အိတ်ကို ၂၅၀၀ ကျပ်ဈေးမြင့်တက်လာပါတယ်။ အခြား ငစိန်နဲ့ သီးထပ်ဆန်တို့ကလည်း တစ်အိတ်ကို ၁၀၀၀ ကနေ ၂၀၀၀ ကြားဈေးမြင့်တက်လာပြီး တစ်အိတ်ကို ၅၆၀၀၀ ကနေ ၆၁၀၀၀ ကြားပေါက်ဈေးရှိနေပါတယ်။

ရွှေဝတီတိုင်းဈေးကွက်မှာလည်း ပထမတန်းစားစပါးက တင်း ၁၀၀ ကို ၅၀၀၀၀ ကနေ ၁၀၀၀၀၀ ကြား ထပ်မံဈေးမြင့်တက်လာပါတယ်။

### ပဲဈေးကွက်

ဒီတစ်ပတ်မှာတော့ ပဲမျိုးစုံက ဈေးဆက်တိုက်မြင့်တက်နေခဲ့ပါတယ်။ မုန်တိုင်းနောက်ဆက်တွဲ စိုက်ခင်းတွေ ပျက်စီးခဲ့ပြီး အသစ်ထွက်မယ့် ပဲတွေရော ထွက်ရှိပြီးသား ပဲတွေရော ပျက်စီးဆုံးရှုံးမှုတွေရှိခဲ့လို့ ဈေးက မြင့်တက်နေတာလို့ ပဲကုန်သည်အချို့ကဆိုပါတယ်။ “တကယ်တော့ ပြည်တွင်းဈေးနှုန်းတွေကသာ မြင့်တက်နေတာ အရောင်းအဝယ်က ထင်သလောက်လည်း မရှိကြဘူး။ ကုန်သည်တွေကတော့ စောင့်ကြည့်တဲ့အနေအထားရှိနေပြီး အရောင်းအဝယ်သိပ်မလုပ်ကြဘူး။ ပဲကလည်း နည်းတယ်။ ဈေးက ပြန်တော့အေးမယ်လို့ ခန့်မှန်းရတယ်”ဟု မကွေးတိုင်းမှ ပဲကုန်သည်တစ်ဦးက ပြောပါတယ်။

မတ်ပဲက ဒီတစ်ပတ် တစ်တန်ကို ၂၂၇၅၀၀၀ ပေါက်ဈေးရှိနေပြီး ပြီးခဲ့တဲ့အပတ်နဲ့ယှဉ်ရင် တစ်တန်ကို ၈၅၀၀၀ ကျပ် ဈေးမြင့်တက်လာခဲ့ပါတယ်။ ပဲစင်းငုံနီကလည်း တစ်တန်ကို ၂၆၇၀၀၀၀ ပေါက်ဈေးရှိနေပြီး တစ်ပတ်အတွင်း တစ်တန်ကို ၁၈၀၀၀၀ နီးပါးအထိ ဈေးမြင့်တက်လာခဲ့ပါတယ်။။

ကုလားပဲကလည်း အမျိုးအစားအလိုက် တစ်အိတ်ကို ၂၂၀၀၀ ကနေ ၂၃၅၀၀၀ ကြား အရောင်းအဝယ်ရှိနေပြီး တစ်အိတ်ကို ငွေကျပ် ၁၅၀၀၀ လောက် ဈေးမြင့်တက်လာခဲ့ပါတယ်။ လက်ရှိ ကုလားပဲပေါက်ဈေးနှုန်းတွေသည် ပုံမှန်ပေါက်ဈေးထက် ပိုမိုမြင့်တက်နေတာ ဖြစ်တဲ့အတွက်ကြောင့် ဈေးကပြန်ကျဆင်းနိုင်ခြေ ရှိပေမယ့် လက်ကျန်လျော့နည်းတဲ့အပြင် အသစ်ထွက်ရှိ စိုက်ခင်းများ ပျက်စီးမှုတွေကြောင့် အမြင့်ဈေးနဲ့ဆက်ပြီး ရှိနိုင်မလားဆိုတာ စောင့်ကြည့်ရမယ့် အခြေအနေလို့ ပဲကုန်သည် အချို့က ဆိုပါတယ်။

ပဲကြီးကလည်း ဈေးကွက်ထဲကို အဝင်နည်းပြီး သုံးတင်းဝင်တစ်အိတ်ကို ၂၅၀၀၀၀ ကနေ ၂၇၀၀၀၀ ပေါက်ဈေးရှိပြီး တစ်အိတ်ကို ၅၀၀၀ လောက်ဈေးမြင့်တက်လာခဲ့ပါတယ်။

**ငရုတ်ဈေးကွက်**

ငရုတ်ကတော့ ဒီတစ်ပတ် ဘုရင့်နောင်ဈေးကွက်မှာ ဈေးငြိမ်နေပါတယ်။ လက်ကားပေါက်ဈေးအရ ဈေးငြိမ်နေပေမယ့် လက်လီဈေးကွက်မှာတော့ ငရုတ်အစိုရော အခြောက်ပါ ဈေးတွေမြင့်တက်နေတယ်လို့ သိရပါတယ်။ ငရုတ်ကို ထိုင်းဘက်က ဝယ်ယူမှုများနေတဲ့အတွက် ဈေးကောင်းရရှိနေတယ်လို့ သိရပါတယ်။

ရန်ကုန်ဘုရင့်နောင်ဈေးကွက်မှာ ငရုတ်(ဆင်ဖြူကျွန်း)က တစ်ပိဿာကို ၁၅၅၀၀ ကနေ ၁၆၅၀၀ ကျပ်၊ ငရုတ်(မြစ်ဝ)က တစ်ပိဿာကို ၁၄၀၀၀ ကနေ ၁၄၅၀၀ ကျပ်၊ ငရုတ်ပန်းရဲကတော့ တစ်ပိဿာကို ၁၁၀၀၀ ကနေ ၁၂၀၀၀ ကျပ်၊ ငရုတ်မြားနီ ကတော့ တစ်ပိဿာကို ၁၁၀၀၀ ကနေ ၁၁၅၀၀ ပေါက်ဈေးရှိနေပါတယ်။

ငရုတ်အစိုကတော့ သီရိမင်္ဂလာဈေးကွက်မှာ တစ်ပိဿာကို ၃၀၀၀ ကနေ ၄၀၀၀ ပေါက်ဈေးရှိပါတယ်။ အောင်ပန်း ဈေးကွက်မှာတော့ ငရုတ်ကျောက်စိမ်း တစ်ပိဿာကို ၆၅၀၀ အထိ ပေါက်ဈေးရှိနေပြီး လက်လီဈေးကွက်မှာ တစ်ပိဿာကို ၁၀၀၀၀ အထိ ပေါက်ဈေးရှိနေကြောင်း ဈေးကွက်အတွင်းမှာ စုံစမ်းသိရှိရသည်။

**(AMIA)**

**Source: Myanma Awba**

## အောင်လံတွင် ယခင်နှစ်တွေထက် မျိုးပဲတီစိမ်း ဈေးကောင်းနေ




မကွေးတိုင်းဒေသကြီး၊ အောင်လံမြို့နယ်အတွင်းမှာ တောင်သူအများစုက မိုးပဲတီစိမ်း သီးနှံကို အများဆုံးစိုက်ပျိုးကြရာ အခုနှစ်မှာတော့ အရင်နှစ်တွေထက် မိုးပဲတီစိမ်းမျိုးတွေ ဈေးကောင်းနေပြီး တစ်တင်းကိုငွေကျပ်(၈၀၀၀၀) ဈေးအထိ ပေးဝယ်နေရတယ်လို့ တောင်သူတွေကပြောပါတယ်။

အောင်လံမြို့နယ်အတွင်း မိုခါမုန်တိုင်းအရှိန်ကြောင့် မိုးတွေရွာသွန်းခဲ့တဲ့အတွက် အခုနှစ် စိုက်ပျိုးရာသီမှာ အရင်နှစ်တွေထက် ဆောလျင်စွာ လုပ်ငန်းခွင် ဝင်နေကြရတယ်လို့ ဆိုပါတယ်။

တောင်သူအများစုက မိုးပဲတီစိမ်းသီးနှံကို အများဆုံးစိုက်ပျိုးကြပြီး အရင်နှစ်တွေက မိုးပဲတီစိမ်းမျိုး တစ်ပြည်ကို ငွေကျပ်(၃၀၀၀)ကနေ (၃၅၀၀)လောက်သာ ဈေးရှိခဲ့ရာကနေ အခုနှစ်မှာတော့ မျိုးပဲတီစိမ်းတစ်ပြည်ကို ငွေကျပ်(၅၀၀၀) ဈေးအထိပေးဝယ်ကာ စိုက်ပျိုးနေကြရတယ်လို့လည်း ပြောပါတယ်။ ဒါ့အပြင်ထွန်ယက်ခကလည်း တစ်ဧကကို ထွန်စက်ခုတ်ခ ကျပ် (၄၀၀၀၀)ကနေကျပ် (၆၀၀၀၀)အထိရှိလာတယ် လို့သိရပါတယ်။

မိုးပဲတီစိမ်းစိုက်ပျိုးရာသီမှာ မုတ်သုန်မိုးတွေ ဆက်လက်ရွာသွန်းမှ သီးနှံတွေရှင်သန်နိုင်မှာဖြစ်ပြီး မိုးတွေဆက်လက် မရွာသွန်းရင် သီးနှံပျက်ဆီးဆုံးရှုံးမှုတွေ ဖြစ်ပေါ်မှာကိုလည်း တောင်သူတွေက စိုးရိမ်နေကြတယ်လို့သိရပါတယ်။

ဤဆောင်းပါးကို One News Myanmarမှကူးယူဖော်ပြပါသည်။

**Source:** https://t.me/htwettoe

## STOCK EXCHANGE (23.5.2023)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 23rd May, 2023

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 5,427 (Shares) | 27,685,900 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,000 | -200 | -2.44% | 8,200 | 8,200 | 8,000 | 80 | 642,200 | 33,109,694 | 264,878 |
| MTSH | 00002 | 2,900 | -50 | -1.69% | 2,900 | 2,900 | 2,900 | 1,101 | 3,192,900 | 38,929,150 | 112,895 |
| MCB | 00003 | 7,100 | +100 | +1.43% | 7,100 | 7,100 | 7,100 | 3,000 | 21,300,000 | 10,400,986 | 73,847 |
| FPB | 00004 | 1,450 | +0 | +0.00% | 1,400 | 1,450 | 1,400 | 1,001 | 1,401,450 | 29,664,613 | 43,014 |
| TMH | 00005 | 2,400 | +0 | +0.00% | 2,400 | 2,400 | 2,400 | 0 | 0 | 12,823,224 | 30,776 |
| EFR | 00006 | 2,550 | +0 | +0.00% | 2,550 | 2,550 | 2,550 | 1 | 2,550 | 19,977,223 | 50,942 |
| AMATA | 00007 | 4,700 | +0 | +0.00% | 4,700 | 4,700 | 4,700 | 244 | 1,146,800 | 10,497,598 | 49,339 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary

### Market summary

As of 23rd May, 2023

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 355.09 | -4.27 | -1.19% | 357.41 | 357.41 | 353.65 | 5,427 | 27,685,900 | 7 | 625,691 |

**Index chart**




### Market Overview

### Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 23rd May, 2023

| Trading Volume | Trading Value |
|---|---|
| 5,427 (Shares) | 27,685,900 (MMK) |

### Main Board

As of 1:00 pm, 23rd May, 2023

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 5,427 (Shares) | 27,685,900 (MMK) |

| MYANPIX | 355.09 ▼ 4.27 |
|---|---|
| Total Volume (shares) | 5,427 |
| Total Value (MMK) | 28 mil |
| Listed Company | 7 |
| Market Cap. (MMK) | 625,691 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,000 | ▼ 200 |
| MTSH | 00002 | 2,900 | ▼ 50 |
| MCB | 00003 | 7,100 | ▲ 100 |
| FPB | 00004 | 1,450 | ▲ 0 |
| TMH | 00005 | 2,400 | ▲ 0 |
| EFR | 00006 | 2,550 | ▲ 0 |
| AMATA | 00007 | 4,700 | ▲ 0 |